သင်ခန်းစာ (၈)

အမျိုးသမီးများ၏ ကျန်းမာရေးဆိုင်ရာအခွင့်အရေး

# Women's Right to Health

ရည်ရွယ်ချက်။ ။

- ကျန်းမာရေးအခွင့်အရေးဆိုသည်ကို သဘောပေါက်နားလည်စေရန်
- ထိုကျန်းမာရေးအခွင့်အရေးများထဲတွင် အမျိုးသမီးများ၏ ကျန်းမာရေးဆိုင်ရာအခွင့်အရေးများကို ပိုမိုနားလည်သဘောပေါက်စေရန်

## Activity (လှုပ်ရှားမှု)

(၁) သင်တန်းသားများကို အုပ်စုလိုက်ခွဲ၍ ကျန်းမာရေးဆိုင်ရာအခွင့်အရေးအပေါ် ဘယ်လိုနားလည်သဘောပေါက်ကြောင်း အုပ်စုလိုက်အဓိပ္ပာယ်ဖွင့်ခိုင်းပါ။

(၂) ထိုအဓိပ္ပာယ်ဖွင့်ဆိုချက်ကို အုပ်စုလိုက် ရုပ်သေပြကွက်တကွက်ဖြင့်တင်ပြ၍ မိမိတို့ဘာကိုဆိုလိုကြောင်း ကျန်သင်တန်းသားများကို ရှင်းပြခိုင်းပါ။

(၃) သင်တန်းပို့ချသူက ထိုတင်ပြချက်များကို စုပေါင်း၍ သင်တန်းသားများအားလုံး နားလည်သဘောပေါက်သည့် ကျန်းမာရေးဆိုင်ရာအခွင့်အရေးဆိုသည့်အဓိပ္ပာယ်တခုထွက်ပေါ်လာအောင် လုပ်ဆောင်ပေးပါ။

## Discussion (အပြန်အလှန်ဆွေးနွေးခြင်း)

ထွက်ပေါ်လာသော ကျန်းမာရေးဆိုင်ရာအခွင့်အရေးဆိုသည့်အဓိပ္ပာယ်ကိုကြည့်၍ အုပ်စုလိုက်ပြန်ခွဲ၍ မိမိတို့ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသော ကျန်းမာရေးဆိုင်ရာအခြေအနေများကို တင်ပြဆွေးနွေးခိုင်းပါ။

အဖွဲ့လိုက်တင်ပြပြီးပါက ထိုသို့ဖြစ်မှုကြောင့် နောက်ထပ်ဘာအကျိုးဆက်များဖြစ်လာနိုင်သည်ကို အုပ်စုကြီးဖြင့် ထပ်မံဆွေးနွေးခိုင်းပါ။

| လက်တွေ့ကျန်းမာရေးအခြေအနေများ | အကျိုးဆက်များ |
|---|---|
| | |

## Input (အကြောင်းအရာနှင့်ဆက်စပ်သည့်ဗဟုသုတပေးခြင်း)

ကျန်းမာရေးသည် အခြားသောလူ့အခွင့်အရေးများအတွက် မရှိမဖြစ်သောအချက်ပင်ဖြစ်သည်။ ကျန်းမာရေးချို့ယွင်းမှုရှိလာပါက အထက်တွင်ဖော်ပြထားသောအကျိုးဆက်များဖြစ်လာနိုင်သောကြောင့် လူထုအနေဖြင့် ကျန်းမာရေးအခွင့်အရေးများရရန်လိုသလို အစိုးရများအနေဖြင့်လည်း ကျန်းမာရေးမူဝါဒများချမှတ်၍လည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ချမှတ်လိုက်သော ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များအား အကောင်အထည်ဖော်၍လည်းကောင်း၊ တိကျသောဥပဒေများပြဋ္ဌာန်း၍လည်းကောင်း ဆောင်ရွက်ရန်လိုသည်။

*ကျန်းမာရေးဆိုင်ရာ အခွင့်အရေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကအဓိပ္ပာယ်ဖွင့်ဆိုချက်*

"ရောဂါဘယ သို့မဟုတ် ကျန်းမာရေးချို့တဲ့မှုမှ ကင်းလွတ်ခြင်းမျှသာမဟုတ် ရုပ်ခန္ဓာ ၊ စိတ်နှင့် လူမှုဖူလုံမှု" ဟုဆိုထားသည်။ ထို့ကြောင့် ကျန်းမာရေးဆိုင်ရာအခွင့်အရေးများတွင် အစားအစာနှင့်

အာဟာရပြည့်ဝမှု၊ နေအိမ်လုံခြုံစွာနေထိုင်နိုင်ခွင့်၊ ရေနှင့် သန့်ရှင်းမှု တို့ကိုရပိုင်ခွင့်၊ လုပ်ငန်းခွင်ဘေးရန်ကင်း၍ ရောဂါဘယကင်းစင်သည့် ပတ်ဝန်းကျင်ရှိမှု စသည်တို့အကြုံးဝင်သည်။ ထို့ပြင် "ဘာသာရေး၊ လူမျိုးရေး၊စီးပွားရေး၊ နိုင်ငံရေးယုံကြည်ချက်တို့ကြောင့် ခွဲခြားခြင်းမရှိဘဲ လူသားတိုင်း ရရှိနိုင်သမျှအမြင့်ဆုံးကျန်းမာရေးအဆင့်အတန်းကို ရရှိခံစားနိုင်ခြင်းသည် အခြေခံအခွင့်အရေးတရပ်ဖြစ်သည်" ဟုဆိုထားသည်။

*ကျန်းမာရေးဆိုင်ရာအခွင့်အရေးနှင့်ပတ်သက်၍ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးစာချုပ်တွင် ဖွင့်ဆိုထားသောအဓိပ္ပာယ်*

*အပိုဒ်(၁၂) တွင်*

"လူသားတိုင်း စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေး အမြင့်ဆုံး စံအဆင့်အတန်းကို ရရှိခံစားနိုင်ခြင်း"
(ကျန်းမာရေးအမြင့်ဆုံး စံအဆင့်အတန်းတွင် လူတယောက်ချင်း၏ ရောဂါဖြစ်စဉ်နှင့် လူမှုစီးပွားရေးအခြေအနေတို့အပြင် နိုင်ငံတော်တွင်ရှိသော ရနိုင်သမျှ ရင်းမြစ်များကို ထည့်သွင်းစဉ်းစားရန်လိုသည်။ ကောင်းမွန်စွာကျန်းမာစေရမည်ဟု နိုင်ငံတော်က အာမခံနိုင်မည်မဟုတ်သလို လူသားတို့၏ကျန်းမာရေးလိုအပ်အလုံးစုံကို လိုအပ်သမျှဖြည့်ဆည်းပေးနိုင်မည်မဟုတ်ပါ။ )

ထိုသို့ခံစားစေနိုင်ရန်အတွက် "အစိုးရများသည် –
– မွေးကင်းစကလေးများသေဆုံးမှုကို လျော့ချ၍ ကျန်းမာသန်စွမ်းသောကလေးများဖွံ့ဖြိုးတိုးတက်မှုကို ထောက်ကူပေးရန်၊
– သဘာဝပတ်ဝန်းကျင်အခြေအနေများကိုတိုးတက်ကောင်းမွန်စေ၍ စက်မှုကုန်ထုတ်လုပ်ငန်းများ၏လုပ်ငန်းခွင်အနေအထားနှင့် နောက်ဆက်တွဲအကျိုးဆက်များကို အနီးကပ်စောင့်ကြပ်ရန်၊
– ကြိုတင်ကာကွယ်၍ရသော ရောဂါများအပါအဝင် ကူးစက်ရောဂါများကို စောင့်ကြပ်သည့် ကျန်းမာရေးအစီအစဉ်များ လုပ်ဆောင်ခြင်း၊ ရောဂါများ တားဆီးခြင်း၊ ထိမ်းချုပ်ခြင်းတို့ကိုလုပ်ဆောင်ရန်၊
– ပြည်သူတရပ်လုံးအတွက် အခြေခံကျန်းမာရေးအစီအစဉ်များထောက်ပံ့ပေးရန် တို့ကိုလုပ်ဆောင်သင့်သည်"ဟု ဆိုသည်။

*စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးစာချုပ်၏ အထွေထွေကြေညာချက်အမှတ် (၁၄)တွင် ကျန်းမာရေးဆိုင်ရာအခွင့်အရေးများတွင်*

- သင့်တင့်လျောက်ပတ်သော ကျန်းမာရေးပြုစုစောင့်ရှောက်မှု တိုးချဲ့လုပ်ဆောင်ပေးရေး၊
- ရေကောင်းရေသန့်ရရှိရေး၊
- လုံလောက်သည့်သန့်ရှင်းမှု ရရှိရေး၊
- အန္တရာယ်ကင်းသည့် အစားအစာဖြန့်ဝေမှုရှိရေး၊
- အာဟာရပြည့်ဝစွာ စားသောက်နေထိုင်နိုင်ရေး၊
- ဘေးကင်းသည့် အလုပ်အကိုင်နှင့် ပတ်ဝန်းကျင်ကောင်းရှိရေး၊
- ကျန်းမာရေးနှင့် ဆိုင်သည့် ပညာရေးနှင့် သတင်းအချက်အလက်များရရှိနိုင်ရေး၊
- လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပြန့်ပွားမှုဆိုင်ရာ ကျန်းမာရေးရရှိရေး စသည်ဖြင့် သတ်မှတ်ထားသည်။

*ထို့ပြင် ကျန်းမာရေးဆိုင်ရာအခွင့်အရေးများသည်*
*–မည်သူ့အပေါ်တွင်မှ ခွဲခြားခြင်းမရှိစေရ၊*

*ကျားမ၊ လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုအပေါ် အခြေခံ၍ခွဲခြားခြင်းမရှိစေရ။ ထိုအခွင့်အရေးများကို စဉ်းစားသည့်အခါတိုင်း လိင်ကွဲပြားမှုအပေါ်ခွဲခြားသည့်အမြင်များကို သတိပြုရမည်။ လိင်ကွဲပြားမှုကြောင့် ခွဲခြားခြင်းလုံးဝမရှိစေရ။ အမျိုးသမီးဖြစ်သည့်အတွက် မျိုးပွားမှုကျန်းမာရေးဆိုင်ရာထောက်ပံ့မှုများကို ခံစားနိုင်ရမည်။*

*လူတိုင်းရရှိခံစားနိုင်ရမည်။*
*အစိုးရကထောက်ပံ့သောကျန်းမာရေးထောက်ပံ့မှုအစီအစဉ်များ၊ ဆေးဝါးများ၊ သတင်းအချက်အလက်များသည် အခြားနည်းနှင့်သန်စွမ်းသူများအပါအဝင် လူတိုင်းက ရရှိခံစားနိုင်သောအနေအထားမျိုးဖြစ်ရမည်။ လူတိုင်းတတ်နိုင်သော၊ သွားရောက်ရယူနိုင်သော၊ ယဉ်ကျေးမှုနှင့်ကိုက်ညီသော အစီအစဉ်များဖြစ်ရမည်။*

*ပါဝင်မှု*
*နိုင်ငံတော်၏ကချမှတ်သော ကျန်းမာရေးဆိုင်ရာ စီမံကိန်းများချမှတ်ရာနှင့် အကောင်အထည်ဖော်ရာတို့တွင် ပြည်သူတဦးတယောက်ချင်းဖြစ်စေ၊ အများဖြင့်ဖြစ်စေ ပါဝင်နိုင်သည့် အခွင့်အရေးရှိရမည်။ ကျန်းမာရေး အသိပညာပေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်လုပ်ဆောင်မှု၊ ပညာပေးမှု၊ စောင့်ကြပ်မှုများပါဝင်အောင်မြှင့်တင်ဆောင်ရွက်ပေးရမည်။*

*အခြေခံကျန်းမာရေးထောက်ပံ့မှုများသည် အခမဲ့ဖြစ်ရမည်။*
*ဤအချက်နှင့်ပတ်သက်၍ ယခုအချိန်အထိ အချေအတင်ငြင်းခုံနေရဆဲဖြစ်သည်။ အခမဲ့ မသင်မနေရ အခြေခံပညာရေးကဲ့သို့ ဥပဒေအရ မဖြစ်မနေပုံစံမျိုးမဖြစ်သေးသော်လည်း အစိုးရအနေဖြင့် ထိုသို့အခမဲ့ဖြစ်အောင် လုပ်ဆောင်ပေးသင့်ကြောင်း တိုက်တွန်းသည့်အဆင့်သာရှိသေးသည်။ သို့သော် မိခင်နှင့်ကလေးကျန်းမာရေး စောင့်ရှောက်မှုသည် လိုအပ်သလောက်အခမဲ့ဖြစ်ရမည်ဟု အမျိုးသမီးစာချုပ်တွင် အတိအလင်းဖော်ပြထားသည်။*

## Deepening (သင်တန်းသားများ၏ လက်တွေ့အဖြစ်နှင့် နိုင်းယှဉ်ဆက်စပ်ပေးခြင်း)
ကျန်းမာရေးအခွင့်အရေးများကို လေ့လာပြီးနောက် အမျိုးသမီးများအပေါ် ခွဲခြားခြင်းမရှိဘဲ တန်းတူကျန်းမာရေးစောင့်ရှောက်မှုများအပြင် အခြားမည်သည့်ကျန်းမာရေးအထူးစောင့်ရှောက်မှုများ လိုအပ်သလဲ၊ ဘာကြောင့်လိုအပ်သလဲ၊ဆိုသော အချက်များကို အဖွဲ့ခွဲ၍ ဆွေးနွေးတင်ပြခိုင်းပါ။

အမျိုးသမီးများအတွက် လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများမှာ ဆယ်ကျော်သက်အမျိုးသမီးများအား အမျိုးသမီးကျန်းမာရေးနှင့် လိင်ပညာပေးခြင်း၊ အိမ်ထောင်ရှင်အမျိုးသမီးများအား မိသားစုစီမံကိန်းများအကြောင်း သိရှိစေရန်လုပ်ဆောင်ပေးခြင်း၊ ရင်သွေးမမွေးဖွားမီနှင့် မွေးဖွားပြီးနောက် မိခင်နှင့်ကလေးကျန်းမာရေးကို စောင့်ရှောက်ပြုစုခြင်း၊ ကလေးမွေးဖွားချိန်တွင် တတ်ကျွမ်းသောလက်သည်များနှင့်မွေးဖွားစေခြင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစကလေးသေဆုံးမှုလျော့ကျအောင်လုပ်ဆောင်ခြင်း၊ အန္တရာယ်ဖြစ်စေသော ကိုယ်ဝန်ဖျက်ချမှုကို တားဆီးခြင်း၊ အမျိုးသမီးများအား အန္တရာယ်ဖြစ်စေမည့် ရိုးရာကုထုံးများနှင့် ကလေးမွေးဖွားခြင်းနည်းများမှ ကာကွယ်ပေးခြင်း၊ အမျိုးသမီးများအဖြစ်များသောရောဂါများအတွက် အထူးကာကွယ်ပေးမှုများလုပ်ဆောင်ပေးခြင်း၊ လိုအပ်သော ကျန်းမာရေးအသိပညာများကို အမျိုးသမီးများအားရည်ရွယ်၍ပေးခြင်းတို့ဖြစ်သည်။

## **Synthesis** ( မည်သို့လုပ်ဆောင်ကာကွယ်တားဆီးနိုင်မည်ကို အဖြေရှာလုပ်ဆောင်စေခြင်း)
အမျိုးသမီးများ ခွဲခြားမှုမရှိဘဲ တန်းတူကျန်းမဘေရးအခွင့်အရေးများရရှိစေရန်နှင့် အမျိုးသမီးများအပေါ် ကျန်းမာရေး အထူးစောင့်ရှောက်မှုများရရှိစေရန်အစိုးရ၊ ပတ်ဝန်းကျင်နှင့် မိသားစုအဆင့်တို့တွင် ဘာတွေလုပ်သင့်ကြောင်း အဖွဲ့ခွဲ၍ဆွေးနွေးခိုင်းပါ။

ပြန်လည်တင်ပြလာသောအချက်များကို အနှစ်ချုပ်ပါ။